# ရည်မှန်းချက်အိပ်မက်

## ထိုင်းနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် လုံလောက်သောလုပ်အားခ



### နောက်ခံသမိုင်းကြောင်းအကျဉ်း

မက်(ပ်)ဖေါင်ဒေးရှင်းသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေကို သူတို့ရဲ့လုပ်အားလစာ၊ နေ့စားခတွေနဲ့ပါတ်သက်ပြီးလုံလောက်မှုရှိမရှိ သုတေသနပြုလုပ်ခဲ့ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးအများစုက သူတို့ရရှိတဲ့လုပ်အားခတွေဟာ သူတို့အတွက်လုံလောက်မှုမရှိကြောင်း၊ နေ့စားလုပ်အားခကိုလည်း အမျိုးသားတွေနဲ့ တန်းတူမရကြောင်း သိရှိရပါတယ်။ မကြာသေးခင်ကထုတ်ပြန်လိုက်တဲ့ လူဝင်မှုကြီးကြပ်ရေးမူဝါဒအပြောင်းအလဲကလည်း သူတို့တရားဝင်နေထိုင်နိုင်ဖို့အတွက် အခက်အခဲဖြစ်စေပါတယ်။ ထိုင်းနိုင်ငံအတွင်း တရားဝင်နေထိုင်ဖို့အတွက် အထောက်အထားစာရွက်စာတမ်း၊ အလုပ်သမားလက်မှတ်တစ်ခုပြီးတစ်ခု လုပ်ရတဲ့သံသရာကလည်း မပြီးနိုင်တာကြောင့် သူတို့ရတဲ့ လုပ်အားလစာတွေဟာ အလုပ်သမားလက်မှတ်လုပ်လို့ကုန်ကျ စရိတ်တွေ များလွန်းတာကြောင့်၊ တစ်ချို့အလုပ်သမားအမျိုးသမီးတွေအနေနဲ့၊ မိသားစုစားဝတ်နေရေးအတွက်ဖူလုံဖို့တောင်အင်မတန်ခက်ခဲနေကြပါတယ်။ ၂၀၁၇ခုနှစ် ဇွန်လကလုပ်ခဲ့တဲ့ သုတေသနမှာ ထိုင်းအစိုးရကထုတ်လိုက်တဲ့ နိုင်ငံခြားအလုပ်သမားအစည်းကြပ်ရေးဥပဒေသစ်အရ ရွှေ့ပြောင်းအလုပ်သမားတွေအားလုံး မှတ်ပုံတင်အသစ်ပြန်လုပ်ရမှာ ဖြစ်တဲ့အတွက်၊ အလုပ်သမားတွေအတွက် နောက်ထပ် အကြပ်အတည်းတွေ ထပ်ပြီးကြုံရတော့မှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံမှာ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာပြည်ကလာတဲ့ခန့်မှန်းခြေ ရွှေ့ပြောင်းအလုပ်သမား ၃ . ၄ သန်းရှိပါတယ်။ ခန့်မှန်းခြေ ၇၀ ရာခိုင်နှုန်းကမြန်မာပြည်ကပါ။ အဲဒီထဲကမှ ၄.၃ရာခိုင်နှုန်းက အမျိုးသမီးရွှေ့ပြောင်းအလုပ်သမားတွေပါ။ မြန်မာပြည်ကအမျိုးသမီးတွေထိုင်းနိုင်ငံထဲကိုရွှေ့ပြောင်းပြီး၊ လာရောက်အလုပ်လုပ်ကိုင်ကြတဲ့ အကြောင်းအရင်းကတော့ သူတို့နေတဲ့ဒေသမှာဖြစ်နေတဲ့တိုက်ပွဲတွေ၊ဆင်းရဲကြပ်တည်းမှုဒဏ်တွေ၊ အသက်မွေးဖို့အလုပ်အကိုင်နဲ့ နည်းလမ်းရှားပါးတာတွေကြောင့်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာက လိင်ခွဲခြားမှုစံနစ်အောက်မှာအလုပ်ကိုရှာဖွေကြရတယ်။ အမျိုးသားအများစုကတော့လက်နက်ကိုင်တိုက်ပွဲတွေမှာ၊မူးယစ်ဆေးဝါးသုံးစွဲတဲ့နေရာတွေမှာ ပါဝင်နေကြတာများပါတယ်။ အိမ်ထောင်မိသားစုတာဝန်က အမျိုးသမီးတွေအပေါ်ပိုပြီးသက်ရောက်လာပါတယ်။

ထိုင်းနိုင်ငံထဲရှိ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများ အဓိကလုပ်ကြတဲ့လုပ်ငန်းတွေကတော့ စက်ရုံလုပ်ငန်း၊ပင်လယ်အစားအစာလုပ်ငန်း၊ အထည် ချုပ်စက်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေအပြင်၊ အချို့တွေကလည်း စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ဖေါ်လိုဝန်ဆောင်မှုပေးတဲ့လုပ်ငန်းနဲ့၊ဖြေဖျော်ရေး လုပ်ငန်းတွေမှာ လုပ်ကိုင်ကြပါတယ်။

ထိုင်းနိုင်ငံက အလုပ်ရှင်တွေအနေနဲ့ သူတို့ဆီမှာအလုပ်သမားနည်းပါးတာကြောင့်၊ အိမ်နီးချင်းနိုင်ငံက အလုပ်သမားများကို အလုပ်ခန့်ရန်လိုလားသော်လည်းမူဝါဒချမှတ်သူတွေအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို အမျိုးသားလုံခြုံရေးအတွက် အန္တရာယ်အဖြစ်မြင်နေကြပါတယ်။ ဒါကြောင့် ရွှေ့ပြောင်း အလုပ်သမားတွေကို အလုပ်ကြမ်းသမား များအဖြစ်သာ ယာယီလုပ်ကိုင်ခွင့်ကိုပေးထားတာပါ။ ၁၉၉၈ခုနှစ် အလုပ်သမားကာကွယ်ရေးဥပဒေအရ ရွှေ့ပြောင်းအလုပ်သမားများအားလုံးကို တန်းတူအခွင့်အရေး၊ အကာအကွယ်ပေးထားပေမယ့် သက္ကရာဇ် ၂၅၅၁ (၂၀၀၈) နိုင်ငံခြားသားအလုပ်သမား အက်ဥပဒေမှာ သာမန်အလုပ်တွေမပေးဖို့ တားမြစ်ထားတာကြောင့်မှုအရ ဆန့်ကျင်နေပါတယ်။ သိသာထင်ရှားတဲ့ကန့်သတ်ချက်များက အလုပ်ရှင်ပြောင်းလဲခြင်းကိစ္စဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများအနေနဲ့ အလုပ်ရှင်သေဆုံးခြင်း၊လုပ်ငန်းအရှုံးပေါ်ခြင်း၊ ဒါမှမဟုတ် ဖိနှိပ်အမြတ်ထုတ်လွန်းကြောင်း သက်သေပြနိုင်မှသာ အလုပ်ရှင်ပြောင်းလို့ရမှာဖြစ်တဲ့အပြင်၊ အလုပ်ရှင်အသစ်ကိုလည်း ၂ ပတ်အတွင်းမှာရှာရမယ်လို့ဆိုပါတယ်။




ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများသည် နေ့စဉ်ရင်ဆိုင်နေရတာကလုပ်အားခကိစ္စ၊ အလုပ်ချိန်၊ လွတ်လပ်စွာသွားလာနိုင်ရေး၊ မီးဖွားခွင့်အခွင့်အရေးတွေဖြစ်ပါတယ်။ ဒါ့ပြင် ရွှေ့ပြောင်းအလုပ်သမားဖြစ်တာရယ် အမျိုးသမီးဖြစ်တာတွေရယ် လုပ်အားခတွေက အမျိုးသားထက်နည်းလွန်းလှပါတယ်။ အထူးသဖြင့် အိမ်ဖော်အလုပ်သမားတွေနဲ့ ဖျော်ဖြေရေးအလုပ်မှာ အလုပ်လုပ်နေကြတဲ့အမျိုးသမီးတွေရဲ့အလုပ်တွေကို အလုပ်လို့မသတ်မှတ်ခြင်းပဲဖြစ်ပါတယ်။ မြန်မာပြည်မှာ နေစဉ်ကတည်းကလည်း ဒီလိုအခက်အခဲတွေကြုံရပါတယ်။ အမျိုးသမီးတွေအနေနဲ့ ကိုယ့်မိသားစုတွေကို ပြန်ပြီးထောက်ပံ့ချင်တာကြောင့်၊ တခြားနိုင်ငံကိုထွက်သွားပြီး အလုပ်လုပ်ရတာဖြစ်ပါတယ်။ ဒီလိုထွက်ပြီးအလုပ်လုပ်ဖို့ ဆိုတာကလည်း၊ အမျိုးသမီးတွေအနေနဲ့ ခက်ခက်ခဲခဲ ဆုံးဖြတ်ပြီးထွက်လာကြရတာပါ။

# လုံလောက်တဲ့ လုပ်အားခအတွက် အမျိုးသမီးဝါဒီ ပူးပေါင်းပါဝင်လှုပ်ရှားမှုအခြေပြု သုတေသန


## (Feminist Participatory Action Research)


### ရာဘာခြံအလုပ်သမား

"ဝင်ငွေနဲ့ထွက်ငွေမျှတမှုမရှိပါဘူး။ ရတဲ့ဝင်ငွေထက် လက်မှတ်လုပ်တဲ့စရိတ်တွေကပိုပြီးများပါတယ်။ ငွေလိုအပ်တဲ့အခါမှာလည်း အတိုးနဲ့သူများဆီကချေးရပါတယ်။ အလုပ်ရှင်တစ်ဦးတည်းမှာပဲ အလုပ်လုပ်ရတဲ့လက်မှတ်ကြောင့်လည်း တခြားမှာအပိုအလုပ်တွေမလုပ်နိုင်ပါဘူး။ အိမ်ကမိသားစုနဲ့ကလေးတွေကိုတော့ ငွေမပို့နိုင်သေးပါဘူး။"

အာရှပစိဖိတ်ဒေသက အမျိုးသမီးအများစုဟာ အဆင့်နိမ့်၊ လုပ်ခနည်းပြီး၊ စနစ်တကျမရှိတဲ့ စိုက်ပျိုးရေးလုပ်ငန်း၊ အိမ်ဖော်လုပ်ငန်း၊ အထည်ချုပ်စက်ရုံတွေမှာ အလုပ်လုပ်ကြတာများပါတယ်။ ဒီလုပ်ငန်းတွေမှာလည်း အမျိုးသမီးတွေကို အရေးပါတဲ့အလုပ်သမားအခွင့်အရေးတွေကိုပံ့မှန်မပေးကြပါ။ အလုပ်သမားတွေဟာ လုပ်အားခအနည်းငယ်ပဲရပြီး၊ ခေါင်းပုံဖြတ်အမြတ်ထုတ်တာကိုခံရပါတယ်။ ဒါတွေကြောင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများ သူတို့ဘဝတိုးတက်ဖို့ ဘာတွေလိုအပ်ပြီးတိုးတက်အောင် ဆောင်ရွက်ရမလဲဆိုတာကို သူတို့ဆီကတိုက်ရိုက်အသံကိုကြားချင်လို့ ဒီသုတေသနကိုပြုလုပ်ခြင်းဖြစ်ပါတယ်။

မက် (ပ်)ဖေါင်ဒေးရှင်းက အမျိုးသမီးဝါဒီ ပူးပေါင်းလှုပ်ရှား အခြေပြုသုတေသနမှာပါဝင်ပြီး၊ ဒီစီမံချက်ကို အာရှပစိဖိတ် အမျိုးသမီးဥပဒေနှင့်ဖွံ့ဖြိုးရေးဖိုရမ် (Asia Pacific Forum on Women, Law and Development) အထောက်အပံ့နဲ့အောင်မြင်အောင် လုပ်ဆောင်ပါတယ်။ ဒီလိုလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်က ထိုင်းနိုင်ငံရှိ ပြောင်းရွှေ့အမျိုးသမီး အလုပ်သမားများ "လုံလောက်တဲ့လုပ်အားခ" ဆိုတာကို ဘယ်လိုနားလည်သလဲ၊ လုံလောက်တဲ့လုပ်အားခရရဖို့ ဘယ်လိုစည်းရုံးလုပ်ဆော်ကြမလဲ ဆိုတာကိုပိုနားလည်ဖို့ဖြစ်ပါတယ်။ ၂၀၁၅–၂၀၁၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံဒေသအသီးသီးမှာရှိကြတဲ့၊ ကဏ္ဍအမျိုးမျိုးမှာ အလုပ်လုပ်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေကြားပြုလုပ်တဲ့ အမျိုးသမီးဆွေးနွေးပွဲတွေကတဆင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီး ၁၈၀ ကျော်ကိုလုံလောက်တဲ့လုပ်အားခနဲ့ပတ်သက်ပြီး အသိပညာပေးခြင်း၊ တွေ့ဆုံမေးမြန်းခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါတယ်။






လုံလောက်တဲ့ လုပ်အားခဆိုတာ အလုပ်သမားတွေက သူတို့ရရှိတဲ့လစာဝင်ငွေနဲ့ ဂုဏ်သိက္ခာရှိရှိ နေနိုင်တဲ့လစာဖြစ်တယ်။ အခြေခံလိုအပ်တဲ့အစားအစာ၊ အဝတ်အစား၊ နေရာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စုဆောင်းငွေနဲ့ သူတို့မိသားစုတွေ အနားယူနိုင်တဲ့ လုံလောက်တဲ့ လုပ်အားခကိုဆိုလိုပါတယ်။ ဒါ့ပြင် နေ့စဉ်စားသောက်တဲ့အစာအဟာရတွေကလည်း မိသားစုတွေအတွက် ကယ်လိုရီပြည့်စေတဲ့ အချက်လေးချက်နဲ့ ညီမျှရမယ်၊ အိမ်ငှားခ၊ အသုံးအဆောင်ပစ္စည်း၊ ကလေးကျောင်းစရိတ်နဲ့ စုငွေတွေစုလို့ရတဲ့ လုပ်အားလခရပါမှလည်း လုံလောက်တဲ့လုပ်အားခလို့ခေါ်တာဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေအတွက် လုံလောက်တဲ့လုပ်ခလစာရရှိဖို့ဆိုတာ အင်မတန်မှ အလှမ်းဝေးလွန်းလှပါတယ်။ လက်တွေ့ဘဝမှာလည်း မဖြစ်နိုင်ကြပါဘူးလို့ သုတေသနသွားလုပ်တဲ့အချိန်မှာ အမျိုးသမီးတွေကရင်ဖွင့်ကြပါတယ်။ လူဝင်မှုကြီးကြပ်တဲ့မူဝါဒနဲ့အထူးသဖြင့်သူတို့အတွက် အထောက်အထားစာရွက်စာတမ်းရရှိဖို့က လုပ်အားလစာထက်ပိုပြီး အရေးကြီးတဲ့ကိစ္စဖြစ်နေပါတယ်။

## အထောက်အထားလက်မှတ်ရဖို့ တွေ့ကြုံရတဲ့ စိန်ခေါ်မှုများ

### ရာဘာခြံအလုပ်သမား

> "ကျမအလုပ်လုပ်တာ တစ်လကို ဘတ် ၃၀၀၀ နဲ့ ၈၀၀၀ အကြားရပါတယ်။ နေထိုင်ခွင့်လက်မှတ်အတွက် ဘတ် ၃၀၀၀ နဲ့ ၆၀၀၀ အကြားပေးရတယ်။ လက်မှတ်မရှိဘဲ ဒီမှာနေလို့မရဘူးလေ။ သက်ဆိုင်ရာကလာစစ်လို့ လက်မှတ်မရှိဘူးဆိုရင် အဖမ်းခံရမယ်။ အလုပ်ရှင်ကလည်း တာဝန်မယူဘူး။ အဖမ်းခံရတဲ့လူကိုနယ်စပ်ပြန်ပို့တယ်။ ရဲကစစ်လို့ ငွေပေးနိုင်သူတွေကိုတော့ မြန်မာပြည်ပြန်မပို့ဘူး။"

ကဏ္ဍအသီးသီးမှာ အလုပ်သမားရှားပါးတာကိုဖြည့်စွက်ဖို့ အလုပ်ရှင်က အလုပ်သမားအမျိုးသမီးတွေကို လိုလားပေမယ့်၊ ထိုင်းနိုင်ငံရဲ့ ရွှေ့ပြောင်းအလုပ်သမားမူဝါဒက ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေကို နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် အလုပ်သမားတွေကိုထိန်းချုပ်ဖို့ဖြစ်တယ်။ ဒါ့ကြောင့် နောက်ထပ်ဝင်လာမယ့်သူတွေကိုလည်း ထိန်းချုပ်တဲ့အနေနဲ့ အထောက်အထားလက်မှတ်နဲ့နေရမယ်ဆိုတာကလည်း အဆင်မပြေတဲ့ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများရဲ့ အခြေအနေတွေကိုထည့်ပြီး မစဉ်းစားတာလည်းဖြစ်ပါတယ်။ အလုပ်သမားလက်မှတ်လုပ်ရတဲ့ လုပ်ငန်းစဉ်တိုင်းကလည်း ပိုပြီးချုပ်ချယ်ခံရတယ်။ ခေတ်အလိုက်ဈေးကွက်နဲ့လည်း လက်တွေ့မကျပါဘူး။

ရွှေ့ပြောင်းအလုပ်သမားမူဝါဒက အမြဲပြောင်းလဲနေပါတယ်။ အလုပ်သမားအမျိုးသမီးတွေအနေနဲ့လည်း၊ မှတ်ပုံတင်ရတဲ့လုပ်ငန်းကို အချိန်ကုန်၊ ငွေကုန်ခံပြီးမှတ်ပုံတင်ရဖို့ကို အကြိမ်ကြိမ်လုပ်နေကြရပါတယ်။ လူဝင်မှုကြီးကြပ်ရေးမူဝါဒကို ကြိုးစားပြီးလိုက်နာသည့်တိုင် အလုပ်သမားတစ်ဦးက အလုပ်ရှင်တစ်ယောက်ဆီမှာပဲ အလုပ်လုပ်ရမယ်၊ တခြားအလုပ်ရှာဖို့ဆိုတာကလည်း ခွင့်ပြုမထားပါဘူး။ အလုပ်ရှင်တစ်ဦးစီမှာပဲလုပ်ရမယ်ဆိုတာက သူတို့တွေအတွက် ဝင်ငွေလုံလောက်မှုမရှိတဲ့အပြင်၊ အလုပ်သမားတွေကို ဘောင်ခတ်ထားတဲ့ ဥပဒေလိုဖြစ်နေပါတယ်။

ထိုင်းနိုင်ငံမှာ အဖမ်းမခံရဘဲ စိတ်ချစွာနေထိုင်နိုင်ပြီး အလုပ်လုပ်နိုင်ဖို့ အလုပ်သမားတွေအနေနဲ့ အထောက်အထားရှိရပါမယ်။ အဲဒီအထောက်အထားကိုလည်း အလုပ်ရှင်က မှတ်တမ်းလိုက်တင်ပေးရပါမယ်။ ဒီလုပ်ရပ်တွေက ရွှေ့ပြောင်းအလုပ်သမားရဲ့ဘဝတွေကို အလုပ်ရှင်ရဲ့ အသနားခံဘဝဖြစ်သွားစေပါတယ်။ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတွေအနေနဲ့ အလုပ်ရှင်ကတဆင့် မှတ်ပုံတင်ခဲ့ကြပေမယ့်၊ မကောင်းတဲ့ အလုပ်ရှင်တွေနဲ့ရင်ဆိုင်ကြရတဲ့ ဥပမာတွေလည်းရှိခဲ့ပါတယ်။

- ❖ တစ်ချို့အလုပ်ရှင်တွေက အလုပ်သမားအတွက် မှတ်ပုံတင်တဲ့ကိစ္စမှာ အချိန်မပေးချင်ကြပါဘူး။ ပွဲစားတွေကတဆင့်လုပ်ခိုင်းပါတယ်။ ဒီတော့ အလုပ်သမားတွေက ပွဲစားခအတွက်ပါ အပိုငွေကုန်ကြရတယ်။ ကုန်ကျစရိတ်တွေကို အလုပ်ရှင်က လုပ်အားလစာထဲကနေဖြတ်တာခံရပါတယ်။

- ❖ တစ်ချို့အလုပ်ရှင်တွေက မှတ်ပုံတင်တဲ့ကိစ္စအတွက် အလုပ်သမားတွေကို ကိုယ်တိုင်တာဝန်ယူခိုင်းပါတယ်။ အလုပ်သမားတွေကလည်း ဘာသာစကားအခက်အခဲ၊ ရုံးသွားရတဲ့အခက်အခဲတွေကြောင့် ပွဲစားကိုငှားရပါတယ်။ ပွဲစားခက ဘတ် ၃၀၀၀ နဲ့ ၁၀၀၀၀ ကြားရှိပါတယ်။ တစ်ချို့ပွဲစားတွေကလည်း စာရွက်စာတမ်းအတုလုပ်ပေးလို့ စိတ်မချရပါဘူး။ တစ်ချို့ရုံးဝန်ထမ်းတွေကလည်း မတိကျတဲ့အချက်အလက်တွေပေးတတ်ပါတယ်။ ပုဂ္ဂိုလ်ရေး အချက်အလက်တွေ မတူရင်၊ အလုပ်ရှင်နာမည်မှန်ကန်မှုမရှိရင်၊ အလုပ်နေရာမမှန်ရင်၊ အလုပ်အမျိုးအစားမမှန်ရင် အလုပ်သမားတွေကအရေးယူခြင်းကိုခံရပါတယ်။

- ❖ တစ်ချို့အလုပ်ရှင်တွေက သူတို့ကိုယ်တိုင် လုပ်ငန်းမှတ်ပုံတင်မထားထာရှိပါတယ်။ အဲဒီအလုပ်ရှင်မှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေကတရားမဝင်သူတွေဖြစ်ပြီး၊ အဖမ်းခံရနိုင်ပြီး ၊ ဒဏ်ငွေအချခံရနိုင်သလို၊ ထောင်ဒဏ်လည်းကျခံနိုင်တဲ့အပြင်၊ ပြန်ပို့ခြင်းခံရပါတယ်။

အမြဲတမ်းပြောင်းလဲနေတဲ့ ထိုင်းနိုင်ငံရဲ့ အလုပ်သမားမူဝါဒကြောင့် အလုပ်သမားတွေကလည်း နှစ်တိုင်း မှတ်ပုံတင် အမျိုးအစားအသစ်တွေအတွက်လျှောက်ထားရပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း အလုပ်သမားတွေလုပ်ရတဲ့ မှတ်ပုံတင်အကြိမ်ပေါင်း ၃၀ လောက်ရှိခဲ့ပါပြီ။ အလုပ်သမားလက်မှတ်အသစ်ပြောင်းလုပ်ရတိုင်း အမြဲတမ်းကုန်ကျစရိတ်တွေရှိခဲ့ပါတယ်။ ရွှေ့ပြောင်းအလုပ်သမား လက်မှတ်လျှောက်ရတဲ့ အချိန်ကတိုတောင်းလွန်း၊ ရှုပ်ထွေးလွန်းလို့ အလုပ်သမားနဲ့အလုပ်ရှင်တွေက အချိန်မှီလိုက်လုပ်ဖို့က အင်မတန်ခက်ခဲလှပါတယ်။ အလုပ်သမားတွေလက်မှတ်မြန်မြန်လုပ်ဖို့ ဖိအားတွေပေးတာကြောင့်၊ ပွဲစားခတွေငွေပိုပေးရပြီး၊ ငွေကြေးမလုံလောက်တဲ့သူတွေအတွက် အတိုးနဲ့ချေးရလို့ အကြွေးသစ်တွေပိုများလာရပါတယ်။

## ရွှေ့ပြောင်းအလုပ်သမားများအတွက် အလုပ်သမားကာကွယ်ရေး ဥပဒေအားနည်းခြင်း

**အမျိုးသမီးစက်ရုံအလုပ်သမား**

> “ လစဉ် ကျမရဲ့လုပ်ခလစာကို ကျမရဲ့ဘဏ်စာရင်းထဲ ထည့်ပေးစေချင်တယ်။ တစ်လကို ဘယ်လောက်ပေးတယ် ဆိုတာကိုလည်းသိချင်ပါတယ်။”

“ အလုပ်ချိန်က နံနက် ၈ နာရီကနေ ညနေ ၅ နာရီအထိ အချိန်ပိုက ည ၆နာရီကနေ ၉ နာရီ အထိ၊ ရတာက တစ်လ ဘတ် ၂၀၀၀။ ကျမက ကိုယ်ဝန်နဲ့ဆိုတော့ အချိန်ပိုမဆင်းနိုင်ဘူး၊ အလုပ်ရှင်က အထောက်အထားလက်မှတ်အတွက် လစာဖြတ်မယ်ဆိုရင် ကျမတစ်လ ဘတ် ၁၀၀၀ ပဲရတော့မယ်။ ဒီအိမ်ကိုကျမတို့ငှားထားတယ်။ တစ်လဘတ် ၁၃၀၀ ဘတ်ပေးရတယ်။ အသုံးစရိတ်ကပါသေးတယ်။”





ထိုင်းနိုင်ငံရှိ အလုပ်သမားကာကွယ်ရေးဥပဒေကို အကောင်အထည်ဖေါ်ရာမှာ အားနည်းတဲ့အတွက် လုံလောက်တဲ့လုပ်ခလစာရဖို့အလှမ်းဝေးလွန်းနေတယ်။ လက်တွေ့မှာ ရွှေ့ပြောင်း အလုပ်သမားအမျိုးသမီးရတဲ့ လုပ်အားခက အမျိုးသားရတဲ့လုပ်အားခထက်ပိုပြီးနည်းပါတယ်။ အလုပ်လုပ်တာချင်းတူ၊ အလုပ်လုပ်တဲ့အချိန်ချင်းတူပေမယ့်၊ အမျိုးသမီးများကို လုပ်ခလျှော့ပေးကြတယ်။ သတ်မှတ်ထားတဲ့အနိမ့်ဆုံး လုပ်အားလစာထက်လည်းလျှော့ပါတယ်။ အနိမ့်ဆုံးလုပ်အားလစာက တစ်နေ့ဘတ် ၃၀၀ (၉ ဒေါ်လာ) ဖြစ်ပြီး၊ ၁၉၉၈ခုနှစ် အလုပ်သမားကာကွယ်ရေးဥပဒေမှာ အလုပ်သမားတိုင်းကို သတ်မှတ်ထားတဲ့အနိမ့်ဆုံးလုပ်အားလစာဖြစ်ပါတယ်။ မူဝါဒကခွဲခြားမှုမရှိသော်လည်း၊ ဥပဒေကျင့်သုံးတဲ့နေရာမှာ အားနည်းမှုရှိပါတယ်။ အလုပ်ရှင်က ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအပေါ်မှာ ပိုပြီးအမြတ်ထုတ်ကြတယ်။ တစ်နေ့ကို ၈ နာရီအလုပ်ချိန်သတ်မှတ်ထားသော်လည်း အချိန်ပိုခိုင်းပြီး၊ လုပ်အားလစာကိုလည်း သတ်မှတ်ချိန်ကျော်မှ ပေးတာတွေလည်းရှိပါတယ်။ တစ်ချို့အလုပ်သမားအမျိုးသမီးတွေဆိုရင် လပေါင်းများစွာ လစာမရတာလဲ ရှိပါတယ်။ အဲလိုလုပ်ရပ်တွေက အလုပ်သမားကာကွယ်ရေးဥပဒေကို ချိုးဖောက်တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအနေဖြင့် အထောက်အထားလက်မှတ်တွေကိုစွန့်ပြီး အလုပ်အသစ်ရှာဖို့လိုအပ်ပါတော့တယ်။ အလုပ်ရှင်က အလုပ်သမားတွေကို လုပ်အားလစာလျှော့ပေးတယ်ဆိုတာကို သက်သေပြဖို့ခက်ခဲပါတယ်။ အလုပ်သမားတွေကို စာချုပ်မှာလက်မှတ်ထိုးစဉ်ကအခြေခံလုပ်အားလစာပေးကြောင်း အတင်းလက်မှတ်ထိုးခိုင်းပါတယ်။ ငွေပေးစာရင်းမှာလည်း လုပ်ခအပြည့်အဖေါ်ပြထားတယ်ကြပါတယ်။

ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများလည်း ထိုင်းအလုပ်သမားတွေလို အလုပ်သမားကာကွယ်ရေးဥပဒေရဲ့အကျိုးကိုခံစားနိုင်ပါတယ်။ ဒါပေမဲ့ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေ အများဆုံးအလုပ်လုပ်တဲ့ ကဏ္ဍတွေဖြစ်တဲ့ (စိုက်ပျိုးရေး၊ ငါးဖမ်း – ပင်လယ်စာထုတ်လုပ်ရေးလုပ်ငန်း၊ အိမ်အကူ၊ လိင်လုပ်သား) တို့ကအလုပ်သမားဥပဒေထဲမှာမပါဘူး။ ဒီအလုပ်တွေကို ပုံမှန်အလုပ်မဟုတ်ပဲ ရာသီပေါ် အလုပ်တွေအဖြစ်၊ အလုပ်သမားကာကွယ်ရေးဥပဒေမှာ ချွင်းချက်အဖြစ်ထားတဲ့အပြင်၊ အနိမ့်ဆုံးလုပ်ခလစာ၊ အလုပ်ချိန်၊ လူမှုရေးစောင့်ရှောက်မှု၊ နားရက်စတဲ့ အခွင့်အရေးတွေကိုလည်း မခံစားရတဲ့အလုပ်သမားတွေရှိနေတုန်းပါပဲ။

အထောက်အထားလက်မှတ်ရှိတဲ့ အလုပ်သမားအမျိုးသမီးတွေအတွက်၊ ပုံမှန်သတ်မှတ်ထားတဲ့လုပ်ငန်းတွေဖြစ်တဲ့စက်ရုံ၊ အလုပ်ရုံတွေမှာအလုပ်လုပ်တယ်ဆိုရင် လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတို့ ရဖို့အတွက်လျှောက်ထားနိုင်ပါတယ်။ ဒါပေမယ့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက် ကျန်မားရေးစောင့်ရှောက်မှုမရနိုင်တဲ့ အကြောင်းတွေလည်းအများကြီးရှိပါတယ်။ တစ်ချို့သောအလုပ်သမားတွေက၊ တရားဝင်အထောက်အထားတွေ အကုန်ရှိပေမယ့် အလုပ်ရှင်က ကျန်းမာရေး စောင့်ရှောက်မှုအတွက် လစဉ်ကြေးပေးသွင်းထားခြင်းမရှိရင်လည်းခံစားခွင့်မရနိုင်ပါဘူး။အလုပ်သမားများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ပေးဖို့ ငွေပေးထားပေမယ့်၊ပွဲစားများက မလုပ်ပေးတာတွေလဲရှိတာကြောင့် အလုပ်သမားများက ကျန်းမာရေးစောင့်ရှောက်မှုလိုတဲ့အခါမှာမရကြလို့၊ သူတို့တွေအတွက် လူမှုရေးလုံခြုံမှုမရှိကြပါဘူး။ အလုပ်သမားများက ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေပေးသွင်းသော်လည်း အလုပ်ရှင်များနှင့်၊ ပွဲစားများရဲ့လိမ်လည်မှုများကြောင့်၊ ကျန်းမာရေးအတွက် အမှန်တစ်ကယ်လိုအပ်လာသောအခါ၊ အလုပ်သမားများက သူတို့ကိုယ်ပိုင်ငွေများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကိုခံယူကြပါတယ်။

လူမှုဖူလုံရေးအတွက် မှတ်ပုံတင်ထားတဲ့ အလုပ်သမားအမျိုးသမီးများက လူမှုဖူလုံရေးထည့်ဝင်ပြီး ၆ လကြာလျှင်၊ မီးဖွားခွင့်ကိုခံစားနိုင်ပါတယ်။ ဒါ့ပြင်ကလေးအတွက်လဲအထောက်အပံ့ရပါတယ်။ ဒါပေမယ့်လည်း ဒီအခွင့်အရေးကို ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများခံစားရတာနည်းပါတယ်။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတစ်ဦး၊ ကိုယ်ဝန်ရှိပြီဆိုရင် အလုပ်ရှင်က သူတို့အပေါ်မှာ ဝန်ထုတ်ဝန်ပိုးမဖြစ်စေချင်လို့ နည်းလမ်းအမျိုးမျိုးဖြင့်၊ အမျိုးသမီးများကိုလုပ်ငန်းခွင်မှနားခိုင်းပါတယ်။ ဒါ့ကြောင့် အမျိုးသမီးများအနေဖြင့် မီးဖွားပြီးမှ လုပ်ငန်းခွင်ကို အသစ်ကနေပြန်စဝင်ရပါတယ်။ တစ်ချို့အမျိုးသမီးများကလည်း အလုပ်လက်မဲ့ဖြစ်မှာစိုးတဲ့အတွက် အန္တရာယ်ဖြစ်ပြီး၊ လုံခြုံမှုမရှိတဲ့နည်းလမ်းတွေနဲ့ကိုယ်ဝန်ကိုဖျက်ချကြတယ်။

> စိုက်ပျိုးရေးအလုပ်သမား
>
> “အရင်က ကျမယောက်ျားနဲ့ ကောက်စိုက်တော့ တနေ့ကို ဘတ် ၁၅၀စီ ရတယ်၊ အဲဒါလည်းနေ့စဉ်စားဖို့ ထမင်းစရိတ်အတွက်လောက်ပဲရတယ်။ကလေးအသုံးစရိတ်၊ကျောင်းကားခ၊မုန့်ဖိုး၊ကျန်းမာရေးစရိတ်တွေအတွက်နဲ့ မိသားအသုံးစရိတ်တွေအတွက်တော့ မလောက်ပါဘူး”

> ငါးရွေးလုပ်ငန်းအလုပ်သမား
>
> “ကျမရတဲ့ လစာဘတ် ၅၈၀၀ က အခန်းခ၊ အသုံးစရိတ်၊ အစားအစာနဲ့ လူမှုရေး အတွက်ဘဲရှိပါတယ်။ မိန်းမဖြစ်တော့ အစားအသောက်တွေကိုချွေတာပြီးစားပါတယ်။ တစ်ခါတစ်လေလဲ ငါးရယ်၊ ဟင်းသီးဟင်းရွက်တွေရယ်ဒါတွေပဲစားပါတယ်။ တခြားအချိန်ပိုင်းအပိုအလုပ်လေးလဲ ကြုံရင်ကြုံသလို ဝင်လုပ်တဲ့အတွက် ဘာသာရေးနဲ့ လူမှုရေးတွေမှာ အနည်းလူဒါန်းနိုင်ပါတယ်။

## ထိုင်းနိုင်ငံတောင်ပိုင်း ရာဘာခြံအလုပ်သမား

“ အခု ကျမတို့မှာ ယာယီ ပတ်စပို့ရှိတယ်။ အသုံးပြုလို့ရတုန်းပါပဲ။ ဒါပေမဲ့ ပန်းရောင် ကဒ်ပြားနဲ့လဲရမယ်လို့ဆိုလာပြန်တယ်။ ပန်းရောင်ကဒ်က လုပ်ခက ဘတ် ၇၈၀၀ ၊ အလုပ်ရှင်က ပန်းရောင်ဒ်လုပ်မယ့်ကိစ္စရော၊ ကုန်ကျငွေတွေအတွက်ရော ကူညီတာမရှိတဲ့အပြင် ပွဲစားနဲ့လုပ်ခိုင်းပါတယ်။ ပန်းရောင်ကဒ်လုပ်ပြီး မကြာခင်မှာပဲ၊ အလုပ်သမားသက်သေခံကဒ်ပြား(CI)လုပ်ဖို့ပြောလာပြန်တယ် (CI) လုပ်ပြီး ၁၅ ရက်အတွင်းမှာ အလုပ်လုပ်ခွင့်ကိုလည်းလျှောက်ရမယ်၊ ၁၅ ရက်အတွင်းမှအလုပ်လုပ်ခွင့်မလျှောက်နိုင်ရင် အဲဒီ (CI) ကဒ်ကလည်း အသုံးမဝင်တော့ပါဘူး။ အလုပ်လုပ်ခွင့်လက်မှတ်ရဖို့က အလုပ်ရှင်ဆီက အထောက်အထားစာရွက်လိုတယ်။ အလုပ်ရှင်ကလည်း မူရင်းအထောက်အထားစာရွက်ကို မပေးဘူး၊ မိတ္တူကိုဘဲပေးတော့ ကျမအခုမောနေပြီ၊ တနင်္လာနေ့မှာ ပွဲစားနဲ့ဆက်ရမလား မသေချာဘူး၊ အလုပ်လုပ်ခွင့်အတွက် ကိုယ့်ဘာသာလုပ်ရင် ဘတ် ၁၀၀ ပဲကျမယ်၊ ပွဲစားနဲ့လုပ်တော့ ဘတ် ၂,၅၀၀။”

တစ်ချို့ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများဟာ ဘ၀အခက်အခဲတွေကို ကျော်လွှားပြီး အဆင်ပြေနေကြပေမယ့်၊ အများစုကတော့သူတို့ရတဲ့လုပ်ခလစာအနည်းငယ်လေးနဲ့နေ့စဉ်အသုံးစရိတ်အတွက်တောင် လောက်ငှမှုမရှိကြပါဘူး။ စုဆောင်းငွေဆိုတာလုံးဝကို မရှိကြတာပါ။ အမျိုးသမီးများက အမျိုးသားများထက် လုပ်အားလစာနည်းပေမယ့် မိသားစုတာဝန်များကိုအမျိုးသားများနည်းတူ တန်းတူတာဝန်ယူရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့်၊ အလုပ်သမားအမျိုးသမီးများဟာ သူတို့အတွက် အဟာရရှိတဲ့အစားအစာတွေစားပြီး၊ သူတို့သက်တောင့်သက်တာနေနိုင်ဖို့ထက် မိသားစုအတွက်ပိုပြီး ချွေတာကြတာကိုတွေ့မြင်ရပါတယ်။ အလုပ်သမားအမျိုးသမီးများစုကတော့ မိသားစုမှာ လင်ရောမယားပါ ဝင်ငွေရှာနိုင်ရင် ပိုပြီးအဆင်ပြေတယ်လို့ဆိုပါတယ်။ မိသားစုအရေး၊ သားသမီးအရေးတွေနဲ့ တစ်ယောက်တည်းဝင်ငွေနဲ့ဆိုရင် ဘယ်လိုမှလုံလောက်မှုမရှိပါဘူး။

## ပြောင်းလဲမှုဝါဒ

၂၀၁၇ ခု ဇွန်လမှာ အမေရိကန်မှာ လူကုန်ကူးမှုအစီရင်ခံစာ ထွက်လာပြီးနောက် ထိုင်းနိုင်ငံကို စောင့်ကြည့်ရမည့်နိုင်ငံအဆင့် ၂ အဖြစ် နှစ်နှစ်ဆက်တိုက်သတ်မှတ်ထားပါ။ တယ်။ ဒါကစီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုအထိ ဖြစ်လာနိုင်တယ်။ ထိုင်းအစိုးရက နိုင်ငံခြားသားအလုပ်သမားတွေကို ကြီးကြပ်ရေးအတွက် သာသနာသက္ကရာဇ် ၂၅၆၀ (၂၀၁၇) မှာ ဥပဒေကိုထုတ်ပြန်လိုက်တယ်။ ဥပဒေက အထောက်အထားမရှိတဲ့ အလုပ်သမားတွေကို ငှားတဲ့အလုပ်သမားတွေကို အပြစ်ပေးဖို့၊ စံနစ်တကျ မှတ်ပုံမတင်ထားတဲ့ ရွှေ့ပြောင်းအလုပ်သမားများကို ပြန်ပြီးမှတ်ပုံတင်လုပ်ဖို့ အမိန့်ထုတ်ပြန်တယ်။ အရေးယူရမှုက အလုပ်ရှင်ကိုဖြစ်ပြီး၊ မှတ်ပုံတင်မရှိတဲ့ အလုပ်သမားတယောက်ကို အလုပ်ခိုင်းရင် ဒဏ်ငွေ – ဘတ် ၄၀၀,၀၀၀ မှ ၈၀၀,၀၀၀၊ ပြည်စုံတဲ့မှတ်ပုံတင်မရှိသူ ရွှေ့ပြောင်းအလုပ်သမားအတွက် ဒဏ်ငွေ ဘတ် ၁၀၀,၀၀၀ နဲ့ ထောင်ဒဏ် ၅ နှစ်ပါချမယ်လို့ဆိုတယ်။





အကျိုးသက်ရောက်မှုကတော့ အလုပ်ရှင်က အလုပ်သမားတွေကို အလုပ် ထုတ်ပစ်တာပါဘဲ။ အလုပ်သမားအများစုက လုပ်ခလစာ တွေမရပဲ နယ်စပ်ကိုပြန်ကြရပါတယ်။ ခန့်မှန်းခြေအရ ရွှေ့ပြောင်းအလုပ်သမား ၆၀၀၀၀ လောက်က နယ်စပ်ကို ပြန်ရပါတယ်။ ထိုင်းဝန်ကြီးချုပ်ကတော့ အလုပ်သမားတွေ ပြန်သွားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး၊ အလေးထားတာမရှိပါဘူး။ မကြာခင် အလုပ်သမားတွေ ပြန်လာကြမှာပဲလို့ ပြောခဲ့ပါသေးတယ်။ အလုပ်ရှင်တွေက ဖိအားပေးလို့ အလုပ်သမားမှတ်ပုံတင်လျှောက်လွှာတင်ရက်ကို အစိုးရက ရက်ပေါင်း ၁၈၀ ဆိုင်းငံ့ထားလိုက်ပါတယ်။ အစိုးရကြေငြာချက်ထုတ်ပြီး မကြာခင်မှာပဲ အလုပ်ရှင်တွေကို အလုပ်သမားအသစ်တွေအတွက် မှတ်ပုံတင်အသစ်လုပ်ဖို့ အချိန်နှစ်ပတ်ပေးလိုက်ပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းမှာပဲ အလုပ်သမားသက်သေခံ အထောက်အထား (CI) လုပ်လည်း ဥပဒေထပ်မံထွက်လာခဲ့ပါတယ်။ ထိုင်းနိုင်ငံကိုပြန်လာဖို့ အခြားနည်းလမ်းကတော့၊ နယ်စပ်ဖြတ်ကျော်နိုင်ငံကူးလက်မှတ် ပတ်စပို့ဒ်လုပ်ပြီး၊ တရားဝင်လမ်းကြောင့်အတိုင်း MOU နဲ့ ပြန်လာတာပဲဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ ထိုင်းအစိုးရက အလုပ်သမားမှတ်ပုံတင်ခြင်းလုပ်ငန်းနဲ့ နောက်တဆင့်အတွက် ကုန်ကျမယ့်ငွေပမာဏကို ကြေငြာမှာဖြစ်ပါတယ်။ တော်ဝင်အမိန့်မှာက ရွှေ့ပြောင်း အလုပ် သမားများရဲ့ အထောက်အထားတွေကို ထိန်းချုပ်ထားတဲ့ အလုပ်သမားတွေနှင့် အလုပ်ရှင် ပြောင်းလဲမှု တိုးပွားလာတာတွေကို အပြစ်ပေးမယ်ဆိုတဲ့ကောင်းကွက်တွေရှိပေမဲ့ တကယ်လုပ်ဖို့တော့လိုလိမ့်မယ်။

တော်ဝင်အမိန့်ကို လက်တွေ့ ကောင်အထည်ဖေါ်နိုင်ရင်တောင် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီး များရဲ့ဘဝတွေ တိုးတက်လာတာကို မြင်ရဖို့ မလွယ်ကူနိုင်သေးပါဘူး။ မှတ်ပုံတင်ဖို့ လိုအပ်တဲ့လုပ်ငန်းကရှိနေတုန်းပါဘဲ၊ သတ်မှတ်ထားတဲ့စနစ်နဲ့လွဲချော်သွားရင် အဖမ်းခံရဖို့၊ ပြန်ပို့ခံရဖို့ အန္တရာယ်လည်းရှိနေတုန်းပါ။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးလိုအပ်နေတာက အလုပ်သမားဥပဒေကို အကောင်းဆုံးအကောင်အထည်ဖေါ်ပေးဖို့ပဲဖြစ်ပါတယ်။ အလုပ်သမားနဲ့အလုပ်ရှင်တွေကို တန်းတူကြီးကြပ်နိုင်တဲ့ မှတ်တမ်းဖြစ်စဉ်တွေအတွက်ရယ်၊ မြန်မာနိုင်ငံသားမှတ်ပုံတင်မရှိသေးတဲ့ ရွှေ့ပြောင်းအလုပ်သမားများကိစ္စလည်း ထည့်သွင်းစဉ်းစားပေးရန်လိုအပ်ပါတယ်။ တစ်ချို့အလုပ်သမားတွေက မြန်မာစစ်တပ်ကစစ်ဆင်တုန်း ပြေးလွှားခဲ့ရတော့ မှတ်ပုံတင်တွေပျောက်တာ၊ ပျက်တာရှိကြပြီး၊ အချို့ကလည်း ထိုင်းနိုင်ငံမှာမွေးတာရယ်၊ ထိုင်းနိုင်ငံမှာနေလာတာကြာတာရယ်ကြောင့် သူတို့တွေအတွက် မှတ်ပုံတင်ရဖို့ နည်းလမ်းလည်းခုထိမရှိသေးပါဘူး။

## အကြံပြုချက်များ

မက်(ပ်) ဖေါင်ဖေါင်းရှင်းက ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများကို လုံလောက်တဲ့လုပ်ခလစာအကြောင်း အသိပညာပေး၊ မေးမြန်းခြင်းများပြုလုပ်တဲ့အခါ အများစုသောအမျိုးသမီးများက အစိုးရကသတ်မှတ်ထားတဲ့ အနိမ့်ဆုံးလုပ်အားလခတောင် သူတို့မရကြပါဘူး။ အစိုးရကလည်း မှတ်ပုံတင်မူဝါဒတွေ အမြဲပြောင်းနေတော့ သူတို့လုံခြုံရေးအတွက် မမြဲတမ်းစိုးရိမ်နေကြရပါတယ်။ ဘဝရဲ့အနှစ်သာရ ပျော်ရွှင်မှုဆိုတာ ဘာမှမရှိသလို၊ဘဝရဲ့အိမ်မက်တွေကိုလိုက်ပြီးအကောင်အထည်ဖေါ်ရမယ့်အစား၊အကြွေးသံသရာထဲမှာပဲရုန်းကန်နေရပြီး နောက်ထပ်ထွက်လာမယ့်လူဝင်မှုကြီးကြပ်ရေးဥပဒေအတွက် ဘယ်လောက်ကုန်ကျအုံးမလဲ၊ နောက်ထပ်လုပ်ရမယ့် အလုပ်သမားကဒ်အတွက် ဘယ်လောက်ပေးရအုံးမလဲဆိုတာပဲ စိတ်ထဲမှာတုန်လှုပ်နေကြရပါတယ်။

မူဝါဒချမှတ်တဲ့ သူတွေကို သိစေချင်တာက “ဖွံ့ဖြိုးရေး အတွက် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီး တွေကို ပစ်ပယ်လို့မရဘူး။ ဘာကြောင့် ကျမတို့ခွန်အားနဲ့ကူညီတာကို တန်ဖိုးမထားတာလဲ၊ လက်လှုပ်မှပါးစပ်လှုပ်ရတဲ့ ဘဝတွေကိုဘာကြောင့် ကြပ်တည်းအောင်လုပ်တာလဲ။ ကျမတို့စွမ်းအားနဲ့ ဖွဲနဲ့ ဒီတိုင်းပြည်ချမ်းသာအောင်၊ အေးချမ်းအောင်လုပ်ပေးနိုင်ပါတယ် ဘာကြောင့် ကျမတို့ကိုမတရားတဲ့ မူဝါဒတွေနဲ့ သွေးစုတ်အမြတ်ထုတ်ချင်တာလဲ။ ကျမတို့ ရွက်ထားရတဲ့ဝန်ထုပ်တွေအတွက် ကျမတို့မကျေနပ်ဘူး။ ထိုင်းနဲ့ မြန်မာ နှစ်နိုင်ငံအစိုးရကို အောက်ပါအချက်များ ဆောင်ရွက်ပေးဖို့အကြံပြုလိုက်ပါတယ်။”

၁) အမျိုးသမီးများအားလုံးကိုတန်ဖိုးထားပြီး၊ ထိုင်းနဲ့မြန်မာနှစ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများရဲ့ ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုပါ၊ အမျိုးသမီးများရဲ့အခွင့်အရေးကိုလေးစားပါ။

- ❖ မူအရ အမျိုးသမီးနဲ့ အမျိုးသား လုပ်အားခ ခွဲခြားသတ်မှတ်ထားတာကို ပယ်ဖျက်ပေးရန်နှင့် အလုပ်ချိန်တူ အလုပ်တူရင် လုပ်အားခ တန်းတူပေးရန်။
- ❖ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတို့ရဲ့အလုပ်ကို အသိအမှတ်ပြုပြီး၊ အလုပ်သမားနဲ့ လူမှုရေးကာကွယ်စောင့်ရှောက်မှုအပြည့်ပေးရန်။
- ❖ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက် မီးဖွားခွင့် အပြည့်အဝပေးရန်။

❖ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများရဲ့ မှီခိုသူတွေကို မှတ်ပုံတင်ခွင့်ပြုရန်။

“ အလုပ်သမားမှတ်ပုံတင်ကြေးနဲ့ အလုပ်သမားကဒ်တွေအတွက်ကုန်ကျစရိတ် ဘယ်လောက်ရှိသလဲဆိုတာကို တစ်နေ့လုပ်အားခနဲ့ အချိန်ပိုခကိုလည်းသိချင်ပါတယ်။ အလုပ်သမားဥပဒေတွေကို ကျမတို့သိသလို၊ အလုပ်ရှင်တွေကိုလည်း အသိပေးစေချင်ပါတယ်”

၂) အလုပ်ရှင်များရဲ့အလုပ်သမားများအပေါ် အမြတ်ထုတ်မှုကိုတားဆီးဖို့ နှစ်နိုင်ငံအစိုးရက အောက်ပါအချက်တွေကို လုပ်ပေးရန်။

❖ သံရုံးတွေမှာ အမျိုးသမီးကောင်စစ်ဝန်ခန့်ထားပေးရန်၊ ရွှေ့ပြောင်းအလုပ်သမားအသိုင်းအဝိုင်းနဲ့ ဆက်စပ်မှုအပါအဝင် အချက်အလက်အပြည့်အစုံကိုပေးထားရန်နှင့် ကောင်စစ်ဝန်တာဝန်ပေးပြီး တစ်ခါတည်းမှတ်ပုံတင်ဝန်ဆောင်မှုကိုလည်းပေးရန်။
❖ ဖိနှိပ်ပြီးအမြတ်ထုတ်ခံရတဲ့ ရွှေ့ပြောင်းအလုပ်သမားများအတွက် အလွယ်တကူဆက်သွယ်လို့ရနိုင်မယ့်နေရာတွေရှိအောင်စီမံပေးရန်။
“ အလုပ်လုပ်ပြီး လုပ်ခမရတာ၊ လုပ်ခလျှော့ပေးတာကို တိုင်ချင်ပါတယ်။ အလုပ်သမားကာကွယ်ရေးရုံးက ဝန်ထမ်းတွေ၊ လုပ်ခဌာနက ဝန်ထမ်းတွေကို ဖုန်း၊ ဗိုက်ဘာ၊ ဖေ့စ်ဘုတ်၊ အီးမေးလ် ဒါမှမဟုတ် တခြားနည်းလမ်းတွေနဲ့တိုင်ကြားလို့ရအောင်စီစဉ်ပေးရန် ”

၃) အလုပ်သမားမှတ်ပုံတင်တဲ့လုပ်ငန်းတွေမှာရှိနေတဲ့ အကျင့်ပျက်ချစားမှုတွေကို နှစ်နိုင်ငံအစိုးရက ကိုင်တွယ်ဖြေရှင်းဖို့လိုပါတယ်။

❖ အလုပ်သမားမှတ်ပုံတင်တဲ့ လုပ်ငန်းစဉ်တွေမှာ ပွဲစားတွေပါဝင်ခွင့်နှင့်အကူအညီအထောက်အပံ့လိုအပ်ပါတယ်။ သို့သော်လည်းလူစုဆောင်းပြီးအမြတ်မထုတ်ရန်။
❖ လာဒ်စားသူများကို ဖေါ်ထုတ်ပေးတဲ့သူတွေအတွက် အကာအကွယ်ပေးရန်။
❖ မှတ်ပုံတင်လုပ်ငန်းမှာ လာဒ်စားတဲ့ အစိုးရအရာရှိတွေကိုဖေါ်ထုတ်ပြီး ထိရောက်စွာအရေးယူပေးရန်။
ပုဇွန်စက်ရုံအလုပ်သမား
“ ပတ်စပို့ဒ်လုပ်ရမယ်လို့ ကြေငြာတော့ အလုပ်ရှင်ကပတ်စပိုဒ်လုပ်ဖို့ကုန်ကျငွေ ဘတ် ၆၅၀၀ကို အရင်စိုက်ထားပေးပါတယ်။ ပြီးမှလုပ်အားလစာထဲက တစ်လကို ဘတ် ၂၀၀ ဖြတ်ပါတယ်။ အလုပ်လုပ်ခွင့်လက်မှတ်ကိုတော့ ကိုယ်ဖာသာကိုပဲ ပွဲစားနဲ့လုပ်ရပါတယ်။”

၄) အလုပ်သမားမှတ်ပုံတင်လုပ်ငန်းကို အလုပ်သမားတွေနားလည်ပြီးလွယ်ကူအောင် နှစ်နိုင်ငံအစိုးရက ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။

❖ နှစ်နိုင်ငံအစိုးရပူးပေါင်းပြီး၊ အလုပ်သမားမှတ်ပုံတင်ခြင်းရှင်းလင်းမှုရှိအောင်လုပ်ဆောင်ပေးရန်၊ နိုင်ငံသားသက်သေခံလက်မှတ်ရဖို့အချိန်ကာလတိုးချဲ့ပြီး အမြဲတမ်းဖွင့်လှစ်ထားပေးပြီး ရေရှည်တည်တံ့တဲ့မူဝါဒရှိရန်။
❖ အထောက်အထားလက်မှတ်အတွက် လုပ်ငန်းအဆင့်ဆင့်၊ သတ်မှတ်ချိန်၊ ဝန်ဆောင်မှု၊ အလုပ်သမားတာဝန်ဝတ္တရားနှင့် ကုန်ကျငွေတို့ကိုတိုင်းရင်းသားဘာသာစကားဖြင့် ဖေါ်ပြပေးရန်။
“ ကျမတို့ကရိုးရှင်းပြီး ငွေသက်သာမယ့် ခိုင်မာတဲ့ မှတ်ပုံတင်ကို လိုချင်တယ်။ ဒါက အလုပ်ရှင်တွေကိုလည်း ကူညီရာရောက်ပါတယ်။”

၅) နှစ်နိုင်ငံအစိုးရက အလုပ်သမားဈေးကွက် လိုအပ်ချက်အရ၊ ရွှေ့ပြောင်းအလုပ်သမားစုဆောင်းရေးမူကို ပြန်ညှိဖို့လိုအပ်သည်။

❖ လုပ်ငန်းလိုအပ်သည့်နေရာ ကျွမ်းကျင်မှုအရည်အချင်းရှိသည့် အလုပ်သမားတိုင်းကို လွပ်လပ်စွာနယ်စပ်ဖြတ်ကျော်ခွင့်ပြုရန်။
❖ အလုပ်သမားနှင့်သင့်လျော်သော မှတ်ပုံတင်စနစ်အသစ်လုပ်ပေးရန်၊ ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် မှတ်ပုံတင်နိုင်ရန်နှင့်အလုပ်ရှင်တစ်ဦးထက်မက အခြားအလုပ်ရှင်ကို အလွယ်တကူပြောင်းနိုင်ရန်။
❖ နှစ်နိုင်ငံအစိုးရပူးပေါင်းပြီး အိမ်ဖော်အလုပ်သမားများအတွက် စံချိန်မှီတဲ့အလုပ်သမားကာကွယ်ရေးရဖို့ ၊ MOU စာချုပ်တွေကိုပြန်လည်ညှိနှိုင်းပေးရန်။
“ဥပဒေအရ အလုပ်ရှင်က အလုပ်သမားကို လုပ်ခလစာပေးဖို့ ပျက်ကွက်ရင်၊ သက်ဆိုင်ရာအာဏာပိုင်များက ချက်ချင်း အရေးယူပေးရန်၊ အကြိမ်ကြိမ်ဥပဒေချိုးဖောက်တဲ့ အလုပ်ရှင်များကို အလုပ်သမားငှားရမ်းခွင့်ပိတ်ပင်ရန်”

MAP Foundation
63/30 Umong Soi 4, T. Suthep, A. Muang,
Chiangmai 50200, Thailand
Tel: +66 53 328 134 Email: map@mapfoundationcm.org

Published by
the Asia Pacific Forum on Women, Law and Development. 2017.
For more information about our Feminist Participatory Action Research,
please visit www.apwld.org